ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၊

# ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်။
(၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန် ကြေညာသည်။

## ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ။

[၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂။]

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဆိုရှယ်လစ်စီးပွါးရေးစံနစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်မည့် အရည်အချင်း ပြည့်မီသော စာရင်းပညာရှင် လုပ်သားကောင်းများ တိုးပွါး များပြားလာစေရန် အတွက်ငှင်း၊ စာရင်းပညာရပ်များ အစဉ်တစိုက် တိုးတက်စေရန်အလို့ငှါ၊ ပညာပေးလုပ်ငန်းများကို ပြုစု ပျိုးထောင်ပေးရန် အတွက်ငှင်း၊ စာရင်းပညာရပ်နှင့် စပ်လျဉ်းသော ကိစ္စများတွင် လိုအပ်သလို အကြံဉာဏ်များပေးရန် အတွက်ငှင်း၊ ထိုရည်ရွယ်ချက်များမှ အကြောင်းသင့် ဖြစ်ပေါ်လာသည့်၊ သို့မဟုတ် ထိုရည်ရွယ်ချက်များနှင့်ဆက်စပ်သည့်အခြားကိစ္စများကိုဆောင်ရွက်ရန်အတွက်ငှင်း လိုအပ်ခြင်းကြောင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အမည်နှင့် စတင်အာဏာတည်သည့်နေ့ရက်။**

၁။ (၁) ဤဥပဒေကို၊ ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

**အဓိပ္ပါယ် ဖော်ပြချက်။**

၂။ ဤဥပဒေတွင် စကားရပ်များသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ် သက်ဝင်စေရမည်။

(က) ''ကောင်စီ''ဆိုသည်မှာ၊ ပုဒ်မ ၃ အရ၊ ဖွဲ့စည်းတည်မထောင်သည့် မြန်မာနိုင်ငံ စာရင်းကောင်စီကို ဆိုလိုသည်။

(ခ) ''စာရင်းပညာရပ်''ဆိုသည်မှာ၊ စာရင်းမှတ်စုခြင်း၊ စာရင်းကိုင်ခြင်း၊ စာရင်းစစ်ခြင်း၊ စာရင်းရှင်းခြင်းဆိုင်ရာ ပညာရပ်တို့ကို ဆိုလိုသည့်ပြင်၊ လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် များက လုပ်ဆောင်သင့်သည်ဟု ကောင်စီက သတ်မှတ်သည့် ပညာရပ်များကိုလည်းဆိုလိုသည်။

(ဂ) ''စာရင်းကိုင်သင်တန်း''ဆိုသည်မှာ၊ စာရင်း ပညာရပ် ဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးရန် ပုဒ်မ ၇ အရ ကောင်စီက ဖွင့်လှစ် တည်ထောင်သည့် စာရင်းကိုင်ကျောင်း၊ သို့မဟုတ် သင်တန်းများကို ဆိုလိုသည်။ ထိုစကားရပ်တွင် အစိုးရ၏ ညွှန်ကြားချက် အရဖြစ်စေ၊ အစိုးရ၏ သဘောတူညီချက်အရဖြစ်စေ၊ ကောင်စီက ကြီးကြပ်အုပ်ချုပ်သည့်၊ သို့မဟုတ် ကောင်စီက စီမံထိန်းသိမ်းကွပ်ကဲသည့် စာရင်းပညာရပ်ဆိုင်ရာ ဘာသာရပ်များ သင်ကြားပို့ချသော ကျောင်း၊ သို့မဟုတ် သင်တန်းများလည်းပါဝင်သည်။

(ဃ) ''လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း'' ဆိုသည်မှာ၊ စာရင်းကိုင် အလုပ်သင်များအား၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်ဖြစ်စေရန် သင်ကြားပို့ချပေးသည့် စာရင်းပညာရပ်ဆိုင်ရာ သင်တန်းကို ဆိုလိုသည်။

(င) ''စာရင်းကိုင်အလုပ်သင်'' ဆိုသည်မှာ၊ လက်မှတ်ရ ပြည်သူ့ စာရင်းကိုင်ဖြစ်ရန် ကောင်စီ၏ ခွင့်ပြုချက်အရ လက်တွေ့အလုပ်သင် သင်ကြားခွင့် ရရှိသူကို ဆိုလိုသည်။

(စ) ''အလုပ်သင်လုပ်သက်'' ဆိုသည်မှာ၊ စာရင်းကိုင် အလုပ်သင်များက စာရင်းပညာရပ်ဆိုင်ရာ ဘာသာရပ်များကို လက်တွေ့ သင်ကြားရန်အတွက်၊ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများအရ၊ သတ်မှတ်သော လုပ်သက်ကို ဆိုလိုသည်။

(ဆ) ''လက်မှတ်ရ ပြည်သူ့စာရင်းကိုင်'' ဆိုသည်မှာ၊ ပုဒ်မ ၁၅ အရ၊ အမည်စာရင်း တင်သွင်းခြင်းခံရသူကို ဆိုလိုသည်။

(ဇ) ''အမည်စာရင်း'' ဆိုသည်မှာ၊ ဤဥပဒေ ပြဋ္ဌာန်းချက်များအရ ထားရှိသော လက်မှတ်ရ ပြည်သူ့စာရင်းကိုင် အမည်စာရင်းကို ဆိုလိုသည်။

(ဈ) ''မှတ်ပုံတင်အရာရှိ'' ဆိုသည်မှာ၊ ပုဒ်မ ၁၂ အရ ခန့်ထားသည့် မှတ်ပုံတင် အရာရှိကို ဆိုလိုသည်။

၃။ ။(၁) မြန်မာနိုင်ငံ စာရင်းကောင်စီဟူသော အမည်ဖြင့် ကောင်စီတခုကို အစိုးရက ဖွဲ့စည်းတည်ထောင်ရမည်။

**ကောင်စီဖွဲ့စည်းပုံ။**

(၂) ယင်းကောင်စီသည်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့် တကွ ကောင်စီပိုင် တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ ဖြစ်ရမည့်ပြင်၊ အဆိုပါ အမည်ဖြင့် တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမည်။

(၃) ကောင်စီတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည်။

(က) မြန်မာနိုင်ငံ စာရင်းစစ်ချုပ် (ရာထူးအလျောက်ဥက္ကဋ္ဌ)။

( ခ) ဝါရင့်သော စာရင်းပညာရှင်များအနက် အစိုးရက ရွေးချယ် ခန့်ထားသော ကောင်စီလူကြီးအများဆုံး ၁၀ ဦး၊

( ဂ) အခြားသင့်တော်သော ပုဂ္ဂိုလ်များအနက်၊ အစိုးရက ရွေးချယ် ခန့်ထားသော ပုဂ္ဂိုလ်အများဆုံး ၄ ဦး။

ကောင်စီလူကြီးများ၏ ရာထူးသက်တမ်း။

၄။ ။ပုဒ်မ ၃၊ ပုဒ်မခွဲ (၃) ၏ အပိုဒ် (ခ) နှင့် (ဂ) အရ၊ ရွေးချယ် ခန့်ထားသော ကောင်စီလူကြီးများ၏ ရာထူးသက်တမ်း သည်၊ တကြိမ်လျှင် ၄ နှစ်ထက်မပိုစေရ။ သက်တမ်းစေ့ သော ကောင်စီလူကြီးများအား ပြန်လည် ခန့်ထားနိုင်ခွင့် ရှိသည်။

ကောင်စီ လူကြီး အဖြစ်မှ ရပ်စဲခြင်း။

၅။ ။ကောင်စီလူကြီးတဦးသည်—

(က) နုတ်ထွက်စာကို ကောင်စီဥက္ကဋ္ဌထံ ပေးပို့ လျှင်ဖြစ်စေ၊

( ခ) ကောင်စီ၏ ခွင့်ပြုချက်မရရှိဘဲ အစည်း အဝေးသို့ သုံးကြိမ်တိုင်တိုင် ဆက်လက် မတက်ရောက် ဘဲ ပျက်ကွက်လျှင်ဖြစ်စေ၊

( ဂ) အစိုးရက ကောင်စီလူကြီးတဦးအနေဖြင့် ဆက်လက်မတည်ရှိ သင့်ဟု ယူဆလျှင်ဖြစ်စေ

ကောင်စီလူကြီးအဖြစ်မှ ရပ်စဲသည်ဟု မှတ်ယူရမည်။

လစ်လပ်သော ကောင် စီ လူကြီး ရာထူးများတွင် ဖြည့်စွက်ခန့်ထားခြင်း။

၆။ ။(၁) ပုဒ်မ ၅ ပါအကြောင်းတရပ်ရပ်ကြောင့်ဖြစ်စေ၊သေဆုံးသော ကြောင့်ဖြစ်စေ၊ ကောင်စီလူကြီးတဦးဦး၏ ရာထူး လစ်လပ် သည့်အခါ၊ လစ်လပ်သောရာထူးတွင် ကောင်စီလူကြီးသစ် တဦးကို ပုဒ်မ ၃၊ ပုဒ်မခွဲ (၃)၊ အပိုဒ် (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြည့်စွက်ခန့်ထားရမည်။

(၂) ပုဒ်မခွဲ (၁) အရဖြည့်စွက်ခန့်ထားခြင်းခံရသောကောင်စီလူကြီးသည်၊ မိမိအား ခန့်ထားသည့်နေရာတွင် ဆောင်ရွက်ခဲ့သည့်ကောင်စီလူကြီးဟောင်း၏ ရာထူး သက်တမ်းစေ့ကုန်မည့်အချိန်အထိသာ ရာထူး၌ ထမ်းရွက်ရမည်။

ကောင်စီအစည်းအဝေး များ။

၇။ ။(၁) ကောင်စီ၏ အစည်းအဝေး ကျင်းပခြင်းနှင့် အစည်းအဝေး တွင် ဆောင်ရွက်ရန် အလုပ်ကိစ္စများ၊ အစည်းအဝေးတွင် လိုက်နာရန် ကျင့်ထုံးများမှာ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်ရမည်။

(၂) ကောင်စီ၏ဆောင်ရွက်မှုတို့သည်၊ ကောင်စီလူကြီးနေရာ လစ်လပ် သောကြောင့်သော်၎င်း၊ ကောင်စီလူကြီးခန့်အပ်ရာ၌ ချို့ယွင်းချက် ရှိခြင်းကြောင့် သော်၎င်း ပျက်ပြယ်ခြင်းမရှိစေရ။

၇။ ကောင်စီသည်၊ အောက်ပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရမည်။

ကောင်စီ၏တာဝန် ဝတ္တရားများ။

(က) စာရင်းကိုင် ကျောင်း၊ သို့မဟုတ် သင်တန်း များ ဖွင့် လှစ်တည်ထောင်ခြင်း၊ ကြီးကြပ်အုပ်ချုပ်ခြင်းနှင့် စီမံထိန်းသိမ်းကွပ်ကဲခြင်း။

(ခ) စာရင်း ကိုင် ကျောင်း၊ သို့ မဟုတ် သင် တန်း များ အတွက် သင်ကြားရမည့် ဘာသာရပ်များနှင့် သင်ရိုးညွှန်းတမ်းများကို သတ်မှတ်ခြင်း၊ စာမေးပွဲများကျင်းပခြင်းနှင့် ယင်းစာမေးပွဲများ အောင်မြင်သူများအား သင့်လျော်သောလက်မှတ်၊ ဘွဲ့စသည်တို့ကို အပ်နှင်းချီးမြှင့်ခြင်း။

(ဂ) စာရင်းပညာရပ်ဆိုင်ရာ ဘာသာရပ်များနှင့်စပ်လျဉ်း၍ လက်တွေ့ အလုပ်သင်ကြားရေးနှင့် စာရင်းကိုင်အလုပ်သင် သင်ကြားရေး အတွက်စီစဉ်ဆောင်ရွက်ခြင်း။

(ဃ) လက်မှတ် ရ ပြည်သူ့ စာ ရင်း ကိုင် သင် တန်း များ ဖွင့် လှစ် တည်ထောင်ခြင်း၊ ကြီးကြပ် အုပ် ချုပ် ခြင်း၊ စီမံထိန်းသိမ်း ကွပ်ကဲခြင်း၊ ယင်းသင်တန်းများအတွက်၊ သင်ကြားရမည့် ဘာသာရပ်များနှင့် သင်ရိုးညွှန်းတမ်းများကို သတ်မှတ်ခြင်း၊ စာ မေး ပွဲ များ ကျင်း ပ ခြင်းနှင့် ယင်းစာမေးပွဲများအောင်မြင် သူ များ အား သင့် လျော် သော လက် မှတ် ဘွဲ့ စ သည် တို့ ကို အပ်နှင်းချီးမြှင့်ခြင်း။

(င) စာရင်းကိုင်ကျောင်း၊ သို့မဟုတ် သင်တန်းများနှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းများ၌ သင်ကြားရမည့်ဘာသာရပ် များကို သင်ကြားပို့ချပေးရေးအတွက်၊ စီးပွါးရေးတက္ကသိုလ်သို့ ဖြစ်စေ၊ သင့်လျော်မည့် ပညာရေးအဖွဲ့အစည်း တခုခုသို့ဖြစ်စေ တာဝန်လွှဲအပ်ခြင်း၊ ယင်း တ က္က သိုလ် နှင့် ပ ညာ ရေး အ ဖွဲ့ အစည်းများအတွက် လိုအပ်သည့် သင် တန်း ဆ ရာ များ နှင့် စာစစ်သူများကို ရွေးချယ်ပေးခြင်း။

(စ) အ မည် စာ ရင်း ၌ အ မည် တင် သွင်း ရန် လို အပ် ချက်များကို သတ်မှတ်ခြင်း။

(ဆ) နိုင်ငံခြားတိုင်းပြည်များမှ စာရင်းပညာရပ်ဆိုင်ရာ လက်မှတ်၊ ဘွဲ့များကို အသိအမှတ်ပြုခြင်း၊ ယင်းသို့ အသိအမှတ်ပြုသည့် လက်မှတ်၊ ဘွဲ့ရသူများအား၊ အမည်စာရင်းတွင် အမည်တင် သွင်းနိုင်ရန်လိုအပ်ချက်သတ်မှတ်ခြင်း။

(ဇ) ဤဥပဒေ၏ ရည်ရွယ်ချက်ထမြောက်အောင်မြင် စေရန်ပြုဘွယ် ကိစ္စဟူသမျှကို စီမံဆောင်ရွက်ခြင်း။

မည်သည့်စာရင်းကိုင်ကျောင်းကိုမဆို ကြီးကြပ်အုပ်ချုပ်ခြင်း၊ စီမံထိန်းသိမ်းကွပ်ကဲခြင်း။

၉။ ။ကောင်စီသည် စာရင်းပညာရပ်ဆိုင်ရာ ဘာသာရပ်များကို သင်ကြားသည့် မည်သည့်ကျောင်း၊ သို့မဟုတ် အဖွဲ့အစည်းကိုမဆို အစိုးရ၏ညွှန်ကြားချက်အရဖြစ်စေ၊ အစိုးရ၏သဘောတူညီချက်အရဖြစ်စေ ကြီးကြပ်အုပ်ချုပ်နိုင်သည်၊ သို့မဟုတ် စီမံထိန်းသိမ်းကွပ်ကဲနိုင်သည်။

စာရင်းကိုင် သင်တန်းများနှင့်စပ်လျဉ်း၍ အစီရင်ခံစေခြင်း၊ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်း။

၁၀။ ။ကောင်စီသည်၊ ဤဥပဒေအရ စာရင်းကိုင်သင်တန်းများနှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အသင်တန်းများတွင် စာရင်းပညာရပ်များ သင်ကြားပို့ချစေရန် တာဝန်လွှဲအပ်ထားသည့် စီးပွါးရေးတက္ကသိုလ်၊ ပညာရေး အဖွဲ့ အစည်း စသည်တို့က၊ ယင်းပညာရပ်များကို ကောင်းမွန်စွာ သင်ကြားပို့ချသည့် အခြေအနေ ရှိ မရှိ၊ စဉ်းစားဆုံးဖြတ်နိုင်ရန် ကောင်စီက လိုအပ်သော အစီရင်ခံစာများကိုသော်၎င်း၊ အခြားအကြောင်းအရာများကိုသော်၎င်း ကောင်စီအားတင်ပြစေရန် ဆင့်ဆိုနိုင်ခွင့်ရှိရမည့်ပြင်၊ ကောင်စီက လိုအပ်သလိုစုံစမ်းစစ်ဆေးမှုများကိုလည်း ပြုလုပ်နိုင်ခွင့်ရှိသည်။

ကော်မီတီများ။

၁၁။ ။(၁) ကောင်စီသည်၊ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မီတီနှင့် အခြားလိုအပ်သော ကော်မီတီများကို ကောင်စီလူကြီးများဖြင့်ဖွဲ့စည်းနိုင်သည်။ ယင်းကော်မီတီများကို ဖွဲ့စည်းရာတွင် လိုအပ်ပါက အခြားသင့်လျော်သော ပုဂ္ဂိုလ်များကိုလည်း ကောင်စီက လိုအပ်သလိုရွေးချယ်၍ ကော်မီတီလူကြီးများအဖြစ် ထည့်သွင်းပေးနိုင်သည်။ ယင်းကော်မီတီအသီးသီး၏ ကော်မီတီလူကြီးများ၏ ရာထူးသက်တန်းကို သင့်တော်သလို သတ်မှတ်ပေးနိုင်သည်။

(၂) ကောင်စီသည်၊ မိမိ၏ တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များကို ပုဒ်မခွဲ (၁) အရ၊ ဖွဲ့စည်းသော မည်သည့်ကော်မီတီသို့မဆို လိုအပ်သလိုလွှဲအပ်ဆောင်ရွက်စေနိုင်သည်။

မှတ်ပုံတင်အရာရှိနှင့် ကောင်စီ၏ဝန်ထမ်းအဖွဲ့။

၁၂။ ။(၁) ကောင်စီသည်၊ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်ဖြင့်—

(က) မှတ်ပုံတင် အရာရှိတဦးကို ခန့်ထားရမည်။

(ခ) ဤဥပဒေပါ ကိစ္စများအလို့ငှါ၊ မိမိလိုအပ်သည်ထင်မြင်သည့် ဝန်ထမ်းများ (အတွင်းရေးမှူးအပါအဝင်) ကိုလည်း ခန့်ထားနိုင်သည်။

(၂) ကောင်စီ၏ ဝန်ထမ်းများသည်၊ ပြည်သူ့ ဝန် ထမ်း များ ဖြစ် သည့် အလျောက်၊ အစိုးရကသတ်မှတ်သော စည်းကမ်းများကို လိုက်နာရမည်။ ရပိုင်ခွင့်များကိုရရှိစေရမည်။

ပြည်သူ့ ဝန်ထမ်းများဖြစ်ခြင်း။

၁၃။ ။ဤဥပဒေအရခန့်ထားသူအသီးသီးကို ရာဇသတ်ကြီးပုဒ်မ ၂၁ ၏ အဓိပ္ပါယ်အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၄။ ။မှတ်ပုံတင်အရာရှိသည်—

အမည်စာရင်းတွင် အမည် ရေးသွင်းခြင်း။

(က) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အမည်စာရင်းကို ကောင်စီက ညွှန်ကြားသည့်ပုံစံအတိုင်း ထားရှိရမည်။

(ခ) အမည်စာရင်းတွင် အမည်တင်သွင်းခြင်း၊ နုတ်ပယ်ခြင်း၊ ပြန်လည် တင်သွင်းခြင်းတို့ကို ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများနှင့်အညီ ကောင်စီက ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရမည်။

၁၅။ ။ပြည်ထောင်စု မြန်မာနိုင်ငံသားတိုင်းသည်၊ အသက် ၂၀ နှစ်ပြည့်ပြီး၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံလျှင် ကောင်စီက သတ်မှတ်သည့် အခကြေးငွေကို ပေးဆောင်သည့်အခါ၊ မိမိအမည်ကို အမည်စာရင်းတွင် တင်သွင်းပိုင်ခွင့်ရှိရမည်။

အမည်စာရင်း၌ အမည် တင်သွင်းခွင့် ရှိသူများ။

(က) သတ်မှတ်သည့် အလုပ်သင်လုပ်သက်ကို ကျေနပ်လောက်အောင် သင်ကြားပြီးမြောက်သည်ဟု ကျေညာခြင်းခံရပြီး၍၊ ပုဒ်မ ၈ (ဃ)အရ လက်မှတ်၊ ဘွဲ့စသည့်တို့ကို ရရှိပြီးသူသော်၎င်း၊

(ခ) ကောင်စီက ပုဒ်မ ၈ (ဆ) အရ အသိအမှတ်ပြုထားသည့် စာရင်း ပညာရပ်ဆိုင်ရာ လက်မှတ်၊ ဘွဲ့စသည်တို့ကို ရရှိပြီး၊ အမည်စာရင်းတွင် အမည်တင်သွင်းနိုင်ရန် ကောင်စီက သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့် ကိုက်ညီသူသော်၎င်း ဖြစ်ရမည်။

ခြွင်းချက်။ ။၁၉၅၆ ခုနှစ်၊ မြန်မာပြည် စာရင်းစစ်လက်မှတ် နည်းဥပဒေများအရ၊ မှတ်ပုံတင်ထားပြီးသည့်၊ သို့မဟုတ် မှတ်ပုံတင်ပိုင်ခွင့်ရှိသူသည်၊ အမည်စာရင်း တင်သွင်းပိုင်ခွင့် ရရှိလိုပါက ကောင်စီ၏ အရည်အချင်းနှင့် ပတ်သက်သော ထပ်လောင်း စစ်ဆေးမှုကို ခံယူရမည်။ ယင်းစစ်ဆေးမှုအရ၊ ကျေနပ်ဘွယ်ရာ ရှိသည်ဟု ကောင်စီက သတ်မှတ်ခြင်းခံရသူသည်၊ အမည်စာရင်း တင်သွင်းပိုင်ခွင့် ရှိသည်။

၁၆။ ။မည်သူမဆို မိမိ၏ အမည်ကိုဖြစ်စေ၊ စာရင်းပညာရပ် ဆိုင်ရာ လက်မှတ်၊ ဘွဲ့စသည့် အရည်အချင်း တခုခုကိုဖြစ်စေ၊ မှတ်ပုံတင်အရာရှိက အမည်စာရင်းတွင် မရေးသွင်းသ ကြောင်း ငြင်းဆိုသည့် ဆုံးဖြတ်ချက်ကို၊ ထိုဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်းကောင်စီသို့ အယူခံဝင်နိုင်သည်။

မှတ်ပုံတင်အရာရှိက အမည်စာရင်း မတင်သွင်းလိုကြောင်း ငြင်းဆိုလျှင် ကောင်စီထံအယူခံဝင်ခြင်း။

ကောင်စီ၏ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် အယူခံဝင်ခြင်း။

၁၇။ ။ကောင်စီက အမည်တင်သွင်းရန်၊ သို့မဟုတ် ပြန်လည်တင်သွင်းရန် လက်ခံခြင်းမပြုလျှင်သော်၎င်း၊ အမည်စာရင်းမှ ထုတ်ပယ်ခြင်းပြုလျှင်သော်၎င်း။ ကောင်စီ၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင်၊ ထိုသို့ဆုံးဖြတ်သည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ပညာရေးဝန်ကြီးဌာနသို့ အယူခံနိုင်ခွင့်ရှိသည်။ ပညာရေးဝန်ကြီးဌာနက ချမှတ်သည့်အမိန့်သည် အဆုံးသတ် အပြီးအပြတ်ဖြစ်ရမည်။

စုံစမ်းစစ်ဆေးမှု များနှင့် အယူခံမှုများ။

၁၈။ ။ကောင်စီသည်၊ အမည် တင် သွင်း ခြင်း၊ နုတ် ပယ် ခြင်း၊ ပြန် လည် တင် သွင်း ခြင်း နှင့် ပတ် သက် ၍၊ စုံစမ်းစစ်ဆေးမှု မည်သည်ကိုမဆို ပြုလုပ်နိုင်သည်။ သို့မဟုတ် ပုဒ်မ ၁၆ အရ၊ အယူခံမှုများကို ကြားနာစီရင်နိုင်သည်၊ သို့မဟုတ် အဆိုပါ စုံစမ်းစစ်ဆေးမှုများနှင့် အယူခံမှုများကိုပုဒ်မ ၁၁ (၁) အရ၊ ဖွဲ့စည်းသော ကော်မီတီတရပ်ရပ်အားလွှဲအပ်၍၊ စုံစမ်းစစ်ဆေးစေပြီး၊ သို့မဟုတ် ကြားနာစေပြီး၊ ကောင်စီထံ အစီရင်ခံနိုင်သည်။ ယင်းသို့သော စုံစမ်းစစ်ဆေးမှုများ၊ သို့မဟုတ် အယူခံမှုများနှင့် စပ်လျဉ်း၍၊ စုံစမ်းစစ်ဆေးကြားနာရန် နည်းလမ်းစည်းကမ်းချက်များကို ပညာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

အမည် စာရင်းတွင် ပြန်လည်ရေးသွင်းခြင်း။

၁၉။ ။ကောင်စီသည်၊ အမည်စာရင်းမှ ထုတ်ပယ်ထားသော ရေးသွင်းချက် မည်သည့်ကိုမဆို ပြန်လည်ရေးသွင်းရန် အမိန့်ချမှတ်နိုင်ခွင့်ရှိသည်။

နှစ်စဉ်စာရင်း။

၂၀။ ။(၁) မှတ်ပုံတင်အရာရှိသည်၊ နှစ်စဉ်ကောင်စီက ညွှန်ကြားသည့်အလိုက်ငှါ သတ်မှတ်ရမည့် နေ့ရက်တွင်ဖြစ်စေ၊ ထိုနေ့ရက်မတိုင်မီဖြစ်စေ၊ အခါအားလျော်စွာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် အမည်စာရင်းကို မှန်ကန်စွာ ပုံနှိပ်ထုတ်ဝေရမည်။

(၂) တရားရုံးအသီးသီးသည်၊ ထိုနှစ်စဉ်စာရင်းများအနက်နောက်ဆုံးစာရင်းတွင် အမည်ရေးသွင်းထားသူ အသီးသီးကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင်ဟူ၍၎င်း၊ ထိုသို့အမည်ရေးသွင်းမထားသူ အသီးသီးကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင်မဟုတ်ဟူ၍၎င်း မှတ်ယူစေရမည်။ သို့ရာတွင် အဆိုပါစာရင်းတွင် အမည်ပါသင့်သော်လည်း မပါသူတဦးဦးဖြစ်လျှင် အမည်စာရင်းတွင် ထိုသူ၏အမည် ရေးသွင်းထားရှိကြောင်း မှတ်ပုံတင်အရာရှိက မှန်ကန်သည်ဟု ဝန်ခံလက်မှတ်ရေးထိုးသည့် သက်သေခံ လက်မှတ်သည်၊ ထိုသူလက်မှတ်ရ ပြည်သူ့စာရင်းကိုင် ဖြစ်ကြောင်း ထင်ရှားသည့် သက်သေခံ ဖြစ်စေရမည်။

အမည်စာရင်း တင်သွင်းထားသူမဟုတ်လျှင်ဆောင်ရွက်ခြင်းမပြုရသည့်ကိစ္စ။

၂၁။ ။မည်သူမျှ ဤဥပဒေအရ၊ အမည်စာရင်းတင်သွင်းထားသူ မဟုတ်လျှင် မိမိအမည်တွင်''လက်မှတ်ရ ပြည်သူ စာရင်းကိုင်''၊ သို့မဟုတ် Certified Public Accountant သို့မဟုတ် C P.A. ဟု ထည့်တပ်ခြင်းမပြုရ။

**ပြစ်ဒဏ်များ။**

၂၂။ ။မည်သူမဆို လက်မှတ်ရ စာရင်းကိုင်မဟုတ်ဘဲလျက် လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် ယောင်ဆောင်လျှင်၊ သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် တဦးကဲ့သို့ ပြုမူလုပ်ကိုင်လျှင်၊ ထိုသို့အယောင်ဆောင်ပြုမူလုပ်ကိုင်ခြင်းကြောင့်၊ လူတဦးတယောက် အလိမ်ခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ၊ ၅ နှစ်ထိထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်စလုံးသော်၎င်း စီရင်ခြင်းခံရမည်။

**ရ-သုံးမှန်းခြေငွေစာရင်း။**

၂၃။ ။ကောင်စီ၏ ရ-သုံးမှန်းခြေငွေစာရင်းသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၏ ရ-သုံးမှန်းခြေငွေစာရင်း၏ အစိတ်အပိုင်း တခုဖြစ်၍၊ ကောင်စီ၏ ရငွေများကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေသို့ ထည့်သွင်းရမည့်ပြင်၊ သုံးငွေများကိုလည်း ယင်းရံပုံငွေမှပင် ထုတ်ယူသုံးစွဲရမည်။

**နှစ်စဉ်အလိုက် ဝင်ငွေနှင့် အသုံးစရိတ်စာရင်းရေးဆွဲခြင်းနှင့် စာရင်းစစ်ဆေးခြင်း။**

၂၄။ ။ကောင်စီသည်၊ ဘဏ္ဍာနှစ်အသီးသီးအတွက် ကောင်စီ၏ခန့်မှန်းခြေ ဝင်ငွေနှင့် အသုံးစရိတ် စာရင်းများကို တင်သွင်းခြင်း၊ နှစ်စဉ်အလိုက် စာရင်းများကိုရေးဆွဲခြင်းနှင့် စာရင်းစစ်ဆေးခြင်း ပြုလုပ်ရမည်။

**နည်းဥပဒေများ။**

၂၅။ ။အစိုးရသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရန် အလို့ငှါ၊ အမိန့်ကြော်ငြာစာဖြင့် နည်းဥပဒေများ ပြုလုပ်နိုင်သည်။

**ညွှန်ကြားချက်များ။**

၂၆။ ။အစိုးရသည်၊ သို့မဟုတ် ကောင်စီသည်၊ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများနှင့် မဆန့်ကျင်သော ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

**မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၄၄ အရ ပြုလုပ်ထားသော နည်းဥပဒေများကို ရုပ်သိမ်းခြင်း။**

၂၇။ ။(၁) ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ စတင်အာဏာတည်သည့်နေ့မှစ၍ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၄၄ အရ ပြုလုပ်ထားသော ၁၉၅၆ ခုနှစ်၊ မြန်မာပြည် စာရင်းစစ်လက်မှတ် နည်းဥပဒေများကို ရုပ်သိမ်းလိုက်သည်။

(၂) ၁၉၅၆ ခုနှစ်၊ မြန်မာပြည် စာရင်းစစ်လက်မှတ် နည်းဥပဒေများကို ရုပ်သိမ်းလိုက်စေကာမူ၊ ယင်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ၊ ဆောင်ရွက်ရမည့် မည်သည့်ကိစ္စအတွက်မဆို၊ အစိုးရက ဆက်လက်ဆောင်ရွက်ရန် လိုအပ်လျှင် ဤဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေများတွင် အထူးပြဋ္ဌာန်းချက်များ အဖြစ်ဖြင့် ရည်ညွှန်း၍ ထည့်သွင်းပြဋ္ဌာန်းနိုင်သည်။

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၁၄၄ ကို ဖြည့်စွက်ပြင်ဆင်ခြင်း။

၂၈။ ။ဤဥပဒေပါကိစ္စများအလို့ငှါ၊ မြန်မာနိုင်ငံ့ကုမ္ပဏီ အက်ဥပဒေ ပုဒ်မ ၁၄၄၊ ပုဒ်မခွဲ (၁) ၏ ခြွင်းချက် အောက်တွင် အောက်ပါ ကို ဒုတိယ ခြွင်းချက် အဖြစ် ထည့် သွင်း ရမည်။

"Provided further that a person declared as Certified Public Accountant under the Burma Accountancy Council Law, 1972 shall be deemed as a holder of a certificate granted under this section."

တည်ဆဲ တရားဥပဒေများပါမှတ်ပုံတင်စာရင်းကိုင်ကိုရည်ညွှန်းခြင်း။

၂၉။ ။တည်ဆဲတရားဥပဒေ တခုခုတွင် သော်၎င်း၊ စာချုပ်စာတမ်းအရ အမှတ်အသား တခုခုတွင် သော်၎င်း မှတ်ပုံတင်စာရင်းကိုင် (Registered Accountant) ဟု ရည်ညွှန်းထားလျှင်၊ ထိုရည်ညွှန်းချက်သည်၊ ဤဥပဒေတွင် အဓိပ္ပါယ် ဖော်ပြထားသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် ကိုလည်း ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

ကြီးကြပ်မှု။

၃၀။ ။ကောင်စီသည်၊ ၎င်းအား ဤဥပဒေအရ၊ အပ်နှင်းထားသော အာဏာဘစုံတရာကို အသုံးမပြု ပျက်ကွက်ခဲ့သည်ဟူ၍ သော်၎င်း၊ အကြောင်းမတန်အသုံးပြုခဲ့သည် ဟူ၍သော်၎င်း၊ အလွဲအသုံးပြုခဲ့သည်ဟူ၍သော်၎င်း၊ ၎င်းအားဤဥပဒေအရ ပေးအပ်သောတာဝန်ဝတ္တရားမည်သည့်ကိုမဆို မဆောင်ရွက်ဘဲ ပျက်ကွက်သည်ဟူ၍သော်၎င်း မည်သည့်အခါမဆို အစိုးရကထင်မြင်လျှင်၊ ထိုသို့ပျက်ကွက်မှု၊ အကြောင်းမတန်အသုံးပြုမှု၊ အလွဲအသုံးပြုမှုပပျောက်အောင် ဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင်၊ အစိုးရသည်၊ အဆိုပါပျက်ကွက်မှု၊ အကြောင်းမတန်အသုံးပြုမှု၊ အလွဲအသုံးပြုမှု ပပျောက်အောင် ဆောင်ရွက်ရန် ကောင်စီ၏ အာဏာနှင့်တာဝန် ဝတ္တရားတစုံတရာကို သင့်သည်ဟုမြင်သည့်အဖွဲ့အစည်း၊ သို့မဟုတ်ပုဂ္ဂိုလ်အား သင့်သည်ထင်မြင်သည့် အချိန်ကာလအပိုင်းအခြားအတွင်းဆောင်ရွက်စေရန်လွှဲအပ်နိုင်သည်။

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်။
(၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၂ ရက်)

အမိန့်အရ
ဗိုလ်မှူးကြီး ကိုကို
အတွင်းရေးမှူး
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။